## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့
## ပထမနေ့အစည်းအဝေးမှတ်တမ်း

### ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
### (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)
### (အင်္ဂါနေ့)

နေပြည်တော်ရှိအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူအဖြစ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးဝင်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုအချိန်ကစပြီး ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို စတင်ပါတော့မယ်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးမှာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးဝင်းဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်

တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက ကြီးကြပ်ကွပ်ကဲမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ ။** ။ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးမှာ ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် (၁၆၈)ဦးရှိပြီး အစည်းအဝေးကို (၁၆၈)ဦးစလုံးတက်ရောက်ပါတယ်။အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့(၁၀၀)ရာခိုင်နှုန်းရှိတဲ့အတွက် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးရွေးချယ်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)အရ ဒုတိယသမ္မတ(၁)ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်တင်မြှောက်ရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၈ အရ အဆိုပြုလွှာပုံစံ(၁)ကို လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံကနေ ထုတ်ယူပြီးတော့ အချက်အလက်များ ဖြည့်သွင်းထားတဲ့ ပုံစံကို အခမ်းအနားမှူးကတစ်ဆင့် ကျွန်တော့်ထံ တင်ပြရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နေ့က ကြိုတင်ထုတ်ယူနိုင်ကြောင်း အကြောင်းကြားထားပါတယ်။

အဆိုပြုလွှာပုံစံ(၁)ကို (၆)ဦး ထုတ်ယူထားပါတယ်။ ဦးအောင်ထွန်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးစိုင်းသန့်ဇင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေါက်တာမြတ်ဉာဏစိုး ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဦးဂျေယောဝူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးနိုင်ထွန်းအုံ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဦးဆိုင်ပေါင်းနပ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)တို့ အဆိုပြုလွှာပုံစံ ထုတ်ယူပြီးပြီဖြစ်တဲ့အတွက် ဒီပုံစံများကို ဖြည့်သွင်းရမှာဖြစ်ပါတယ်။ ပုံစံများမှာ ခါတိုင်းနဲ့မတူဘဲနဲ့နည်းနည်းအသေးစိတ်ဖော်ပြထားတဲ့ အနေအထားရှိပါတယ်။

ပုံစံ(၁)ကို ဖတ်ပြပါမယ်။ ပုံစံ(၁)မှာ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတလောင်းအဆိုပြုလွှာ (နည်းဥပဒေ ၈)၊ ရက်စွဲပါတယ်။ ရုံးတံဆိပ်ပါပါတယ်။ အဲဒီမှာ ဒုတိယသမ္မတလောင်းရဲ့ အမည်၊ လူမျိုး၊ မွေးသက္ကရာဇ်နဲ့ အသက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးဖွားရာဒေသ၊ နေရပ်လိပ်စာ၊ မဲဆန္ဒနယ်၊ အလုပ်အကိုင်။ အဖအမည်၊ အဖရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နဲ့ မွေးဖွားရာဒေသ။ အမိအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နဲ့ မွေးဖွားရာဒေသ။ ဇနီး/ခင်ပွန်း အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နဲ့ မွေးဖွားရာဒေသ။ တရားဝင် သားသမီး အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နဲ့ မွေးဖွားရာဒေသ။ (တစ်ဦးထက် ပိုလျှင် ပူးတွဲတင်ပြရန်)၊ တရားဝင် သားသမီး၏ ဇနီး/ခင်ပွန်း အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် နဲ့ မွေးဖွားရာဒေသ။ ဒီမှာ ကျွန်တော်တို့ အသေးစိတ် အချက်အလက်တွေပါတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်ရေးမှတ်တမ်းပုံစံနဲ့ ဖြည့်သွင်းပေးရမယ့် အနေအထားရှိပါတယ်။

ဦးအောင်ထွန်း ဖြည့်ပြီးပြီ။ ဦးစိုင်းသန့်ဇင် ဖြည့်ပြီးပြီ။ ဒေါက်တာမြတ်ဉာဏစိုး ဖြည့်ပြီးပြီ။ ဦးဂျေယောဝူ မတင်ဖြစ်ပါ။ ဦးနိုင်ထွန်းအုံ ဖြည့်ပြီးပြီ။ ဦးဆိုင်ပေါင်းနပ် ဖြည့်ပြီးပြီ။ ဒီပုံစံ(၁)တွေ ဖြည့်ပြီးပြီဆိုလျှင် အခမ်းအနားမှူးဆီကို အခုလာရောက်တင်ပြဖို့ဖြစ်ပါတယ်။

[ အခမ်းအနားမှူးထံသို့ ဒုတိယသမ္မတလောင်း အဆိုပြုလွှာပုံစံ (၅)စောင်ကို ကိုယ်စားလှယ်များမှ လာရောက်တင်ပြပါသည်။]

[ အခမ်းအနားမှူးသည် ဒုတိယသမ္မတလောင်း အဆိုပြုလွှာ ပုံစံ(၅)စောင်ကို ဥက္ကဋ္ဌ ထံသို့ တင်ပြပါသည်။]

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးတော့ အစီအစဉ်အရ ဒုတိယသမ္မတလောင်းတွေကို နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနဲ့ ပြည့်စုံခြင်း ရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့မှာ ပါဝင်မယ့် ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁)ဦးကို ရွေးချယ်ရမှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ရှင်းပြရမယ်ဆိုရင် ဥပဒေ နည်းဥပဒေတွေမှာ ဒီစိစစ်ရေးအဖွဲ့မှာ ပြည်သူ့လွှတ်တော်ရဲ့ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌ ၊ အမျိုးသားလွှတ်တော်ရဲ့ ဥက္ကဋ္ဌနဲ့ဒုတိယဥက္ကဋ္ဌ၊(၄)ယောက်ရှိပါတယ်။နောက်ထပ်(၃)ယောက်က ပြည်သူ့လွှတ်တော် ရွေးကောက်ခံကိုယ်စားလှယ်ထဲက(၁)ဦး၊အမျိုးသားလွှတ်တော်ရွေးကောက်ခံ ကိုယ်စားလှယ်ထဲက(၁)ဦး၊ တပ်မတော်သားကိုယ်စားလှယ်ထဲက(၁)ဦး ဒီသုံးဦးကိုထပ်ပြီးတော့ ဖြည့်စွက်ရမှာဖြစ်ပါတယ်။ ဒီသုံးဦးနဲ့ မနက်ဖြန်ကျတော့ စိစစ်မှာဖြစ်ပါတယ်။ အဲဒီအတွက်ကို အခုအချိန်ကစပြီး အမျိုးသားလွှတ်တော် ရွေးကောက်ခံ ကိုယ်စားလှယ်အစုအဖွဲ့ကနေ စိစစ်ရေးအဖွဲ့ဝင်(၁)ဦးကို ရွေးကောက်တင်မြှောက်မှာဖြစ်ပါတယ်။ ဒါကြောင့်အဆိုပြုလွှာပုံစံတွေ အခမ်းအနားမှူးဆီမှာ ထုတ်ပြီးတော့ အဆိုပြုကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုပြုလွှာတင်သွင်းမယ့် ပုဂ္ဂိုလ်ရှိပါသလား။

[ အဆိုပြုလွှာတင်သွင်းမည့် ပုဂ္ဂိုလ် ရှိ/မရှိ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အဆိုတင်သွင်းမည့်ပုဂ္ဂိုလ် မရှိကြောင်း တင်ပြပါသည်။]

**ဥက္ကဋ္ဌ**။ ။အဆိုပြုလွှာတင်မယ့်ပုဂ္ဂိုလ်မရှိလျှင် ဥက္ကဋ္ဌအနေနဲ့သတ်မှတ်ပေးပါမယ်။ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်**အအ**မှတ်(၆)မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးမျိုးမြင့်ကို ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ရဲ့ စိစစ်ရေးကော်မတီဝင်အဖြစ် ဥက္ကဋ္ဌက သတ်မှတ်ပေးပါတယ်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့်ကို စိစစ်ရေးကော်မတီဝင်အဖြစ် သတ်မှတ်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် လွှတ်တော်၏ ဆန္ဒရယူပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် ဦးမျိုးမြင့်ကို စိစစ်ရေး ကော်မတီဝင်အဖြစ် အတည်ပြုပါတယ်။

ဒီနေ့အဖို့ကတော့ အစီအစဉ် ပြီးပါပြီ။

## လွှတ်တော်နှင့်စပ်လျဉ်းသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ ကျင့်သုံးခဲ့မှုများကို ရှင်းလင်းပြောကြားခြင်းနှင့် ကိုယ်စားလှယ်အစုအဖွဲ့ အစည်းအဝေးပြီးဆုံးကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ နိုင်ငံတော်သမ္မတ နှင့် ဒုတိယ သမ္မတများ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၉ အရ အဆိုပြုလွှာ စိစစ်ဖို့နဲ့ အမည်စာရင်း ပြုစုဖို့ အစည်းအဝေးကို(၁)ရက် ရပ်နားမှာဖြစ်ပါတယ်။ မနက်ဖြန်မှာ အစည်းအဝေး မရှိပါဘူး။ မနက်ဖြန် စိစစ်ပြီးတဲ့အခါမှာ လွှတ်တော်အစည်းအဝေး ကျင်းပရန်နေ့ရက်ကို အချိန်မီ အကြောင်းကြားပါမယ်။

တခြားအစီအစဉ်တော့မရှိပါဘူး။ သို့သော်လွှတ်တော်နဲ့ပတ်သက်တဲ့ ဓလေ့ ထုံးတမ်း အစဉ်အလာလေးတွေ၊ ယခင်က ကျင့်သုံးခဲ့တာလေးတွေကို နဲနဲလေး ရှင်းပြပါ့မယ်။ကျွန်တော့်အနေနဲ့ ၂၀၀၄ ခုနှစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှာ ပါတဲ့အချိန်တုန်းက ဟိုယခင်လွတ်လပ်ရေးရပြီးကာစက လွှတ်တော်နှစ်ရပ်ပဲရှိတယ်။ ပြည်သူ့လွှတ်တော်သည် အခု ပြည်ထောင်စုလွှတ်တော်ရဲ့လုပ်ငန်းကို ဆောင်ရွက်ပါ တယ်။ပြည်သူ့လွှတ်တော်ရဲ့ လွှတ်တော်မှတ်တမ်းများ၊ လူမျိုးစုလွှတ်တော်ရဲ့ လွှတ်တော် မှတ်တမ်းများ ဒါတွေကို လေ့လာခွင့်ရခဲ့ပါတယ်။

နောက်ပိုင်းကျတော့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်မှာ ပါတဲ့အခါမှာ ပြည်ပနိုင်ငံတွေကလွှတ်တော်တွေမှာရှိတဲ့ပါလီမန်ဆိုင်ရာ လုပ်ထုံးလုပ်နည်း စာအုပ်တွေကို ဖတ်ရှုခွင့်ရခဲ့ပါတယ်။ အခုပြဋ္ဌာန်းတဲ့ ဥပဒေနဲ့နည်းဥပဒေတွေဟာ တကယ်တော့ လွတ်လပ်ရေးရပြီးကာစက ကျင့်သုံးခဲ့တဲ့ ၁၉၅၂ ခုနှစ်၊ ပါလီမန်လူမျိုးစု လွှတ်တော် လုပ်ငန်းစဉ်နည်းဥပဒေများကို မှီးထားတာပဲဖြစ်ပါတယ်။

ဒီထဲမှာပါတဲ့ကန့်သတ်ချက်တွေကလည်း ယခင်တုန်းက ကန့်သတ်ချက်တွေအတိုင်းပဲဖြစ်ပါတယ်။ ထပ်တိုးထားတာမရှိပါဘူး။ ပြန်ပြီးတော့ တိုက်ဆိုင်လေ့လာကြည့်လို့ရပါတယ်။ အရေးအသား၊ အသုံးအနှုန်းသာလျှင် နားလည်လွယ်အောင် ပြင်ဆင်ပေးတာတွေရှိပါတယ်။

လွှတ်တော်ရဲ့ ထုံးတမ်းစဉ်လာအရ ပထမတစ်နာရီသည် မေးခွန်း အချိန်ဖြစ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်လို့ရှိလျှင် မေးခွန်းဆိုင်ရာ စည်းကမ်းချက်တွေကန့်သတ်ချက်တွေ ရှိပါတယ်။ အဆိုနဲ့ပတ်သက်လျှင်လည်း အဆိုနဲ့ပတ်သက်တဲ့ကန့်သတ်ချက်၊ စည်းကမ်းချက်ရှိပါတယ်။ ဥပဒေကြမ်းတင်သွင်းတာဆိုလျှင်လည်း ဥပဒေကြမ်းနဲ့ပတ်သက်တဲ့ကန့်သတ်ချက်၊စည်းကမ်းချက်ရှိပါတယ်။ အချိန်ကာလအားဖြင့်သတ်မှတ်ချက်လည်းရှိပါတယ်။ မေးခွန်းဆို (၁၀)ရက် ကြိုတင်ရမယ်။ အဆိုဆိုရင် (၁၅)ရက်ကြိုတင်ရမယ်။ ဥပဒေကြမ်းကိုလည်း အဆိုအဖြစ်နဲ့ရက်(၃၀)ကြိုတင် တင်သွားရမှာဖြစ်ပါတယ်။

လွှတ်တော်ထဲမှာဆွေးနွေးတဲ့အခါမှာ ဟိုတုန်းကတော့ နူနခအမသညငခ ပစ္စည်းတွေမရှိတဲ့အခါကျတော့ ဆွေးနွေးခွင့်တောင်းတဲ့အခါမှာ မတ်တပ်ရပ်ပြီး တောင်းကြပါတယ်။ ဥက္ကဋ္ဌကသင့်တော်တဲ့ပုဂ္ဂိုလ်ကို ဆွေးနွေးပါလို့ပြောလျှင် ဆွေးနွေးပါတယ်။ အခုဒီမှာ ၂ခမနနည မှာ ခလုတ်နှိပ်ပြီး တောင်းတဲ့ဟာ ပေါ်တယ်ဆိုပြီး ရှင်းပြထားတာရှိပါတယ်။ သို့သော် ဥက္ကဋ္ဌက ဒါကိုမကြည့်မိရင် တောင်းတာကို တောင်းမှန်း မသိဘူးဖြစ်သွားမယ်။ စကားပြောခွင့်တောင်းတယ်ဆိုရင် လက်ပါတစ်ခါတည်း ထောင်ပြထားပါ။ အဲဒီလို ထောင်ပြထားခြင်းအားဖြင့် ဆွေးနွေးခွင့် တောင်းနေတယ်လို့မြင်မှာဖြစ်ပါတယ်။၂ခမနနည ကြည့်လိုက်လို့ရှိရင် ဘယ်ခုံနံပါတ်က ကိုယ်စားလှယ်ဘယ်သူဆိုတာ သိတဲ့အတွက် စကားပြောခွက်ကို ဖွင့်ပေးလို့ရပါတယ်။

နောက်တစ်ခုက ဒီလွှတ်တော်မှာ ပြောတဲ့ဆိုတဲ့အခါမှာ လွှတ်တော်နဲ့မသင့်တော်တဲ့ စကားအသုံးအနှုန်းကိုတော့ ကန့်သတ်ထားတာမရှိပါဘူး၊ သို့သော် မိမိတို့ရဲ့အသိဉာဏ်နဲ့ ဒီလွှတ်တော်ရဲ့ အဆင့်အတန်းနဲ့ မဆီလျော်တဲ့စကား၊ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့ စကားတွေ လုံးဝမပြောမိဖို့ ဆင်ခြင်ဖို့လိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ နိုင်ငံမှာ မြန်မာဘာသာစကားဟာရုံးသုံး ဘာသာစကားဖြစ်တဲ့အတွက် တတ်နိုင်သမျှ ဗမာလိုပဲ ပြောကြရမှာဖြစ်ပါတယ်။ ဒီလိုပြောတဲ့အခါမှာ ဥပမာ-မော်တော်ကားလိုစကားလုံးမျိုးကိုတော့ မြန်မာလိုပြန်ပြီးပြောနေစရာမလိုပါဘူး။ သုံးနေကျစကားလုံး၊ အများနားလည်တဲ့စကားလုံး ပြောနိုင်ပါတယ်။

နောက်တစ်ခုက ကိုယ်စားလှယ် တစ်ဦးကထပြီး စကားပြောတိုင်း ဥက္ကဋ္ဌကိုပဲ ဦးတည်ပြီးပြောရမှာဖြစ်ပါတယ်။ အချင်းချင်းဦးတည်ပြီး ပြောလို့ မရပါဘူး။ ကိုယ်စားလှယ်တစ်ဦးကပြောနေတဲ့ အချိန်မှာ ဥက္ကဋ္ဌနဲ့ကိုယ်စားလှယ်ရဲ့ကြားထဲကဖြတ်ပြီး လျှောက်လို့မရပါဘူး။အကယ်၍သွားစရာအကြောင်းရှိပါက နောက်ကနေထွက်ပြီး သွားလို့ ရပါတယ်။

အခုတော့ ပဏာမအနေနဲ့ ကြိုတင်ပြီးတော့ ညှိနှိုင်းရှင်းပြထားတာ ဖြစ်ပါတယ်။ဒီဓလေ့ထုံးတမ်း အစဉ်အလာလေးတွေသိမှ မှန်မှန်ကန်ကန် လုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ မေးခွန်းမေးတဲ့ကိစ္စတွေမှာ များသောအားဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ဝန်ကြီးဌာနဆိုင်ရာ ကိစ္စတွေ၊ ဒါတွေကို မေးလေ့ရှိပါတယ်။ မေးခွန်းကို (၁၀)ရက် ကြိုတင်ပေးတဲ့အခါမှာ လွှတ်တော်ရုံးက သက်ဆိုင်ရာဖြေရမယ့် ပုဂ္ဂိုလ်ကို အသိပေးရတယ်။ မေးခွန်းမှာ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ကြယ်ပွင့်မပြ မေးခွန်းရှိပါတယ်၊ ကြယ်ပွင့်ပြမေးခွန်းဆိုတာ နှုတ်နဲ့ထမေးမယ်။ နှုတ်နဲ့ပြန်ဖြေမယ်။ ကြယ်ပွင့်မပြတဲ့ မေးခွန်းကတော့ အတွင်းရေးမှူးရဲ့ စားပွဲမှာ သက်ဆိုင်ရာက အဖြေကို တင်ပေးပါ့မယ်။ ဒီမှာ ယူပြီးတော့ အဖြေကို တင်ပြရမှာဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံတော်ရဲ့လျှို့ဝှက်ချက်နဲ့ပတ်သက်တာ၊ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ ပတ်သက်တာဆိုလျှင် ဒီလို ကြယ်ပွင့်မပြဘဲနဲ့မေးလျှင် ပိုပြီးတော့ လုံခြုံတဲ့သဘော။ စည်းကမ်းမဖောက်မိတဲ့ သဘောရှိပါတယ်။ အဲဒီလိုမေးတဲ့အခါမှာ (၁၀)ရက်လို့ သတ်မှတ်ထားသော်လည်းဖြေမယ့် ပုဂ္ဂိုလ်ကချက်ချင်းဖြေလည်း ရပါတယ်။ ဆိုရလျှင် အဲဒီရက်ကို ဥက္ကဋ္ဌအနေနဲ့ လျှော့ပေးလို့ရပါတယ်။

နောက်တစ်ခုက ဆွေးနွေးတဲ့ကိစ္စတွေမှာ ထုံးတမ်းစဉ်လာအရ စာရွက်နဲ့ ရေးသားပြုစုလာပြီးတော့ ထဖတ်ပြလို့မရပါဘူး။ လက်တမ်းပဲ ပြောရမှာဖြစ်ပါတယ်။ အသေးစိတ် အချက်အလက်လေးတွေရှိလျှင် စာရွက်အတိုလေးနဲ့ မှတ်လာလို့ရပါတယ်။ ဒါကြောင့် မိမိပြောမယ့်ကိစ္စက အချက်အလက်တွေများပြီးတော့ တကယ် အရေးကြီးလျှင် ခွင့်တောင်းပါ။ ထဖတ်တင်ပြသင့်တယ်လို့ ဥက္ကဋ္ဌအနေနဲ့ ခွင့်ပြုလျှင် ဖတ်ပြီးတင်ပြလို့ ရပါတယ်။

ဒါ့အပြင် တိုင်းရင်းသားထဲက ပြောရဆိုရမှာ အခက်အခဲရှိတယ်ဆိုရင် ခွင့်တောင်းပါက ပေးသင့်၊ ပေးထိုက်တဲ့ကိစ္စဆိုလျှင် ပေးပါ့မယ်။ ဒါနဲ့ပတ်သက်လို့ စည်းကမ်းချက်တွေ၊ ဥပဒေတွေ ရှိသော်လည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် အားလုံးဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် ခွင့်ပြုသင့်တာမှန်သမျှကို ဥက္ကဋ္ဌအနေနဲ့ ခွင့်ပြု ပေးထားမှာဖြစ်ပါတယ်။

နောက်တစ်ပိုင်းကတော့တချို့အနောက်တိုင်း လွှတ်တော်တွေကို ကြည့်မယ် ဆိုလျှင် သူတို့အခေါ်အရ စကားရည်လုပွဲ၊ စကားနိုင် ပြောတဲ့ကိစ္စတွေ၊ အရင်တုန်း ကလည်း ဒီလိုကျင့်သုံးခဲ့တဲ့အခါကျတော့ စကားပြောကောင်းတဲ့သူက သူလိုရာကို ဆွဲပြီး ပြောသွားခြင်းအားဖြင့် အမှန်တရားဟာ ပျောက်သွားတတ်တဲ့ အနေအထားရှိပါတယ်။ စကားပြောကောင်းတဲ့သူဖြစ်ဖြစ်၊ စကားပြော မကောင်းတဲ့သူဖြစ်ဖြစ်၊ အဓိက အရေးကြီး တာတော့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် ကောင်းတဲ့အကြံဉာဏ် ထွက်လာဖို့ဖြစ်ပါတယ်။ ကျွန်တော် မနေ့ကပြောသလိုပဲ ပါတီစွဲမရှိဘဲနဲ့ ဒီထဲမှာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးအတွက် အားလုံးညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စဆိုလျှင် ဗမာစကားမပြောတတ်တဲ့ ပုဂ္ဂိုလ်ပြောတာပဲ ဖြစ်ဖြစ် ဒီအကြံဉာဏ် ကောင်းတယ်၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် ဒါအကျိုးရှိတယ်၊ ဒီလိုအားလုံးဟာ ကောင်းတယ်ဆိုလျှင် လက်ခံပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။ ကိုယ်ပြောတတ်တိုင်း ပြောပြီးတော့မှ ကိုယ်လိုရာကို အတင်းဆွဲပြီးတော့ ပြောတာမျိုး မလုပ်ဘဲနဲ့ အားလုံးမျှမျှတတ ညှာညှာတာတာနဲ့ အချင်းချင်း ရိုင်းပင်းဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ ပဏာမမှာကြားတဲ့ သဘောဖြစ်ပါတယ်။ နောင်ကိုလည်း လုပ်ရင်းကိုင်ရင်းနဲ့အရင်တုန်းကကျင့်သုံးတဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို သတိပေး ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနေ့အစည်းအဝေးကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါ ပါပြီခင်ဗျား။

[ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ပထမနေ့ အစည်းအဝေးကို ၁၀း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]